# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ၂၂ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၄–၁၁–၂၀၁၃] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **တရုတ်ပြည်မှ တင်သွင်းလာသော ပဲပုတ်ဖတ်များတွင် မယ်လမင်းကဲ့သို့ ဓာတုအဆိပ်အတောက်ဓာတ်များ ပါဝင်နေ၍ ကျန်းမာရေးဆိုးကျိုး မဖြစ်အောင် ကာကွယ်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **ကလေးဝမြို့နယ်အပြင် မည်သည့်ဒေသများတွင် ကျောက်မီးသွေး ထွက်ရှိကြောင်း သိရှိလိုခြင်းနှင့် ကျောက်မီးသွေးသုံး စက်ရုံများ နိုင်ငံတစ်ဝှမ်းတွင် တည်ဆောက်၍ နိုင်ငံသားများအား အဖိုးနှုန်း ချိုသာသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချပေးမည့် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကြည်သာ၊ ငွ မဲဆန္ဒနယ်၏ **၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဉ္စမကာလတို ၅ နှစ် အမျိုးသားစီမံကိန်းအား ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရန်နှင့် နိုင်ငံတော်မှ ဆောင်ရွက်မည့် ၂၀၁၅ အလွန် ၁၅ နှစ် စီမံကိန်း၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များသည် မည်သည့်အခြေခံနှုန်းများအပေါ် ရေးဆွဲသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက် နေ့၌ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ဖြစ်ပွားခဲ့သော အပြုအမူမျိုးကြောင့် မကြာမီ ကျင်းပတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထပ်မံမဖြစ်ပွားစေရေး လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် ပြိုင်ပွဲ ကျင်းပခြင်း ဆိုင်ရာကိစ္စများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **တရားဝင် မြေငှားဂရန် အမည် ပေါက်သူ ဒေါ်နန်းခမ်းစိန်၏ နစ်နာမှုကိစ္စ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်၏ **နတ်ကြီးကျေးရွာရှိ ဘီးလင်းမြစ်ကူးတံတားအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက် ပေးရန် စီစဉ်ထားရှိမှုများအား သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **နိုင်ငံတော်၏ စီမံကိန်း လုပ်ငန်းများ အတွက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများတွင် (ခွင့်ပြုငွေ၊ အတိုင်းအတာ၊ တည်ဆောက်ရေးကာလ၊ တာဝန်ခံ ဆောင်ရွက်သည့်အဖွဲ့အစည်း) စသည့် အချက်အလက်များ ပါဝင်သော ဆိုင်းဘုတ်များကို စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နိဂုံးချုပ်အမှာစကားပြောကြားခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အငှမပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့ လွှတ်တော် အငှမပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။